

# လာမည့်ဇန်နဝါရီလတွင် ကိုဗစ်ကာကွယ်ဆေးထိုးရေးအစီအစဉ် စတင်မည်ဟု စပိန်ဝန်ကြီးချုပ် ပတ်ဒရိုဆန်းချက်ဇ် ပြောကြား

**မက်ဒရစ် နိုဝင်ဘာ ၂၃**
စပိန်နိုင်ငံက လာမည့်ဇန်နဝါရီလတွင် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးရေးအစီအစဉ်တစ်ရပ် စတင်မည်ဖြစ်ပြီး သုံးလအတွင်း ပြည်သူအများစုကို ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု မျှော်မှန်းရကြောင်း ဝန်ကြီးချုပ် ပတ်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့သည်။

စပိန်နှင့် ဂျာမနီနိုင်ငံတို့က ပြည့်စုံသော ကာကွယ်ဆေးစီမံချက် လုပ်ဆောင်နိုင်မည့် ပထမဆုံးသော ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ "ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးရေး အစီအစဉ်ကို ဇန်နဝါရီလမှာ စတင်မှာဖြစ်ပါတယ်" ဟု အွန်လိုင်းမှပြုလုပ်သော ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့သည်။

"လာမယ့်နှစ် ပထမသုံးလအတွင်း ပြည်သူအများစုကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးနိုင်မှာဖြစ်ပါတယ်" ဟု ပတ်ဒရိုဆန်းချက်ဇ်က ပြောသည်။ စပိန်နိုင်ငံက တစ်ခုတည်းသော အမျိုးသားမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ကာ ဦးစားပေးအုပ်စုများ သတ်မှတ်ပြီး စီမံချက်ကို နိုဝင်ဘာ ၂၄ ရက်တွင် အစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း၊ နောက်ထပ်ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများ ခေါ်ယူမည်ဖြစ်ပြီး လမ်းပြမြေပုံရေးဆွဲခဲ့ပြီးဖြစ်ကြောင်း ဆန်းချက်ဇ်က ပြောသည်။

ပြင်သစ်နိုင်ငံပြီးလျှင် ဥရောပတိုက်၌ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုကူးစက်လူနာ ဒုတိယအများဆုံးရှိရာ စပိန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု ၁ ဒသမ ၅ သန်းကျော်နှင့် သေဆုံးသူ ၄၆၆၁၉ ဦးရှိသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# အီရတ်နိုင်ငံက ကျောင်းပေါင်း ၇၀၀၀ တည်ဆောက်ရန် စီစဉ်

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**
အီရတ်နိုင်ငံသည် နိုင်ငံအတွင်း စာသင်ကျောင်းအဆောက်အအုံများ လျော့နည်းနေမှုကို ဖြည့်စွမ်းရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ကျောင်းပေါင်း ၇၀၀၀ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း အီရတ်အစိုးရက နိုဝင်ဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။

အီရတ်ဝန်ကြီးချုပ် အယ်လ်ကာဒီမီသည် နိုင်ငံတစ်ဝန်း စာသင်ကျောင်းပေါင်း ၇၀၀၀ တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ကျောင်းဆောက်လုပ်ရေးအဆင့်မြင့်ကော်မတီနှင့် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်းလည်း အီရတ်ဝန်ကြီးချုပ်၏ မီဒီယာဌာနက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

စာသင်ကျောင်းများဆောက်လုပ်မည့် စီမံကိန်း၏ ပထမအဆင့်တွင် အီရတ်နိုင်ငံတစ်ဝန်း စာသင်ကျောင်း ၁၀၀၀ တည်ဆောက်ရေးလည်း ပါဝင်ကြောင်း အဆိုပါကြေညာချက်က ဖော်ပြထားသည်။ စာသင်ကျောင်းများ ဆောက်လုပ်မည့်စီမံကိန်း စတင်မည့်အချိန်နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ပြောကြားခဲ့ခြင်းမရှိသော်လည်း စာသင်ကျောင်းအဆောက်အအုံများကို ခေတ်မီပုံစံဒီဇိုင်းများဖြင့် တည်ဆောက်သင့်ကြောင်း အီရတ်ဝန်ကြီးချုပ် အယ်လ်ကာဒီမီက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် စစ်ပွဲများနှင့်ပဋိပက္ခများက နိုင်ငံ၏ပညာရေးအဖွဲ့အစည်းများကို များစွာထိခိုက်မှုရှိခဲ့ခြင်းကြောင့် စာသင်ကျောင်းများလျော့နည်းမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း စာသင်ကျောင်းအဆောက်အအုံများ လျော့နည်းနေမှုကို ဖြည့်စွမ်းရန် အီရတ်နိုင်ငံအနေဖြင့် စာသင်ကျောင်း ၁၅၀၀၀ နှင့် ၂၀၀၀၀ အကြား တည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်း အီရတ်ပါလီမန်၏ ပညာရေးကော်မတီအကြီးအကဲ အယ်လ်ယာဆီရီက ဒေသဆိုင်ရာမီဒီယာများအား ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# နယူးဇီလန်ဝန်ကြီးချုပ်က ဘိုင်ဒင်ထံသို့ ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနည်းလမ်းများ မျှဝေ


**ဝယ်လင်တန် နိုဝင်ဘာ ၂၃**
ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က နယူးဇီလန်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ် ကိုင်တွယ်ဖြေရှင်းပုံနည်းလမ်းများကို အမေရိကန်ရွေးကောက်ခံသမ္မတဘိုင်ဒင်ထံသို့ မျှဝေခဲ့ကြောင်း သိရသည်။

မိနစ် ၂၀ ကြာ ဖုန်းဖြင့် ပြောကြားမှုအတွင်း ဘိုင်ဒင်က နယူးဇီလန်နိုင်ငံအနေဖြင့် ဗိုင်းရပ်စ်ပြဿနာကို မည်သို့အောင်အောင်မြင်မြင် ကိုင်တွယ်ခဲ့သလဲဆိုသည့် မေးခွန်းကို မေးခဲ့ရာ အာဒန်က "ဗိုင်းရပ်စ် စစ်ဆေးပုံနည်းစနစ်၊ လူနာတွေနဲ့ ထိတွေ့ခဲ့တဲ့သူတွေကို ခြေရာခံရှာဖွေခြင်းနဲ့ သီးခြားခွဲနေထိုင်စေခြင်းတို့ကို အခြေခံအကျဆုံး လုပ်ငန်းစဉ်တွေအဖြစ်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ အရေးကြီးဆုံးကတော့ နယ်စပ်ဝင်ပေါက်တွေကို ကိုင်တွယ်ခဲ့တဲ့ ကိစ္စရပ်ပါ" ဟု ရှင်းပြခဲ့သည်။

နယူးဇီလန်နိုင်ငံမှာ ဗိုင်းရပ်စ်ပြဿနာကို အောင်အောင်မြင်မြင် ဖြေရှင်းနိုင်ရေးအတွက် သဘာဝကပေးထားသည့် အထောက်အပံ့များစွာ ပိုင်ဆိုင်ထားနှင့်ပြီးကြောင်း၊ ထို့အတွက် နိုင်ငံတိုင်းအနေဖြင့် နယူးဇီလန်၏ ကိုဗစ်-၁၉ ကိုင်တွယ်ပုံအတိုင်း ပုံတူကူးလုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်း အာဒန်က ဆိုသည်။ သို့ရာတွင် နယူးဇီလန်၏ အတွေ့အကြုံများက အခြားနိုင်ငံများအတွက် အထောက်အပံ့ပြုမည်ဆိုပါက မျှဝေရန် အသင့်ရှိပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – မေလှဲ့သင်း**






# ဩစတြေးလျနိုင်ငံ အကြီးဆုံးပြည်နယ်များ၏ နယ်စပ်ဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်

**ဆစ်ဒနီ နိုဝင်ဘာ ၂၃**
ဩစတြေးလျနိုင်ငံတွင် ကိုဗစ်-၁၉ကပ်ရောဂါ ကူးစက်မှု ပြန်လည်ကျဆင်းခဲ့ခြင်းနှင့်အတူ နိုင်ငံ၏အကြီးဆုံးမြို့များတည်ရှိရာ ဗစ်တိုးရီးယားနှင့် နယူးဆောက်ဝေးလ်ပြည်နယ်များ၏ နယ်စပ်ဂိတ်များကို ယနေ့တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ ပြည်နယ်နှစ်ခုသည် ဩစတြေးလျတွင် လူဦးရေ အထူထပ်ဆုံးဒေသများဖြစ်ပြီး ဩစတြေးလျ၏ အကြီးဆုံးမြို့များဖြစ်သည့် မဲလ်ဘုန်းနှင့် ဆစ်ဒနီမြို့ကြီးများ တည်ရှိရာ ပြည်နယ်များဖြစ်သည်။

ဗစ်တိုးရီးယားပြည်နယ်ရှိ မဲလ်ဘုန်းမြို့တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုမြင့်တက်လာခဲ့မှုကြောင့် ဗစ်တိုရီးယားနှင့်နယ်စပ်ချင်း ထိစပ်နေသည့် နယူးဆောက်ဝေးလ်နှင့် တောင်ဩစတြေးလျပြည်နယ်များက ယင်းတို့၏ နယ်စပ်ဂိတ်များကို ဇူလိုင်လအတွင်း ပိတ်ပစ်ခဲ့ပြီး ယင်းသို့ နယ်စပ်ဝင်ပေါက်များကို ပိတ်ပစ်ခဲ့ခြင်းမှာ ရာစုနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ခဲ့သည်။ ဩစတြေးလျပြည်နယ် နယ်စပ်ဂိတ်များကို နောက်ဆုံးပိတ်ပစ်ခဲ့ခြင်းမှာ ၁၉၁၉ ခုနှစ် စပိန်တုပ်ကွေးကပ်ရောဂါဖြစ်ပွားခဲ့သည့် ကာလအတွင်းက ဖြစ်သည်။

နိုဝင်ဘာ ၂၃ ရက် စတင်ကူးပြောင်းသည့် သန်းခေါင်အချိန်တွင် နယ်စပ်ဂိတ်များကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဗစ်တိုးရီးယားနှင့် နယူးဆောက်ဝေးလ်ပြည်နယ်တို့မှာ ဩစတြေးလျနိုင်ငံတွင် သွားလာမှုအများဆုံး လမ်းကြောင်းဖြစ်ပြီး ယနေ့တွင် မယ်လ်ဘုန်းမှ ဆစ်ဒနီလေဆိပ်သို့ ခရီးသည် ၄၀၀၀ ခန့် လာရန်ရှိနေသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – မေလှဲ့သင်း**

# ဒီဇင်ဘာလ၌ ပြည်သူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးပေးနိုင်ရန် အမေရိကန်ပြင်ဆင်

**ဝါရှင်တန် နိုဝင်ဘာ ၂၃**
အမေရိကန်ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်ထိုးနှံပေးရန် မျှော်မှန်းထားပြီး ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်များတွင် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်စတင်နိုင်ကြောင်း အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူ မွန်ဆက်ဖ်က စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားခဲ့သည်။

အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ အကြံပေးများက ဖိုက်ဇာ(Pfizer) နှင့် မာဒါးနား(Moderna) ဆေးနှစ်မျိုးစလုံးကို ဒီဇင်ဘာ ၁၀ ရက်တွင် အတည်ပြုနိုင်ရန် ယေဘုယျလျာထားသတ်မှတ်ပြီးဖြစ်သည်။ "အတည်ပြုပြီး ၂၄ နာရီအတွင်းမှာပဲ ကာကွယ်ဆေးထိုးနှံပေးဖို့ သတ်မှတ်ထားတဲ့နေရာတွေဆီ ဆေးဝါးပို့ဆောင်ရေးဆောင်ရွက်မှာဖြစ်ပါတယ်" ဟု မွန်ဆက်ဖ်က ဆိုသည်။

ဒီဇင်ဘာလအတွင်းမှာပင် အမေရိကန်ပြည်သူ သန်း ၂၀ ကာကွယ်ဆေးထိုးနှံခွင့် စတင်ရရှိမည်ဖြစ်ပြီး ယင်းနောက် လစဉ်လတိုင်း တစ်လလျှင် လူဦးရေသန်း ၃၀ စီ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မွန်ဆပ်ဖ်က ဆိုသည်။ အဆိုပါ နှုန်းအရဆိုလျှင် မေလအရောက်တွင် အမေရိကန်ပြည်သူများ၏ ၇၀ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်နေမည်ဖြစ်သည်။

မွန်ဆပ်ဖ်က " ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးရရှိမှု ပမာဏတိုးလာတာနဲ့အမျှ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ လွဲမှားတဲ့ အယူအဆတွေလည်း ကျဆင်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။ မူလက ၅၀ရာခိုင်နှုန်းနှင့်အထက် ထိရောက်ရုံဖြင့် ကာကွယ်ဆေးများကို အတည်ပြုပေးရန် ရည်မှန်းထားသဖြင့် ၉၅ ရာခိုင်နှုန်းနီးပါးထိရောက်သည့် ဆေးများကို လျင်လျင်မြန်မြန် အတည်ပြုပေးနိုင်ရေး ၎င်းအနေဖြင့် တိုက်တွန်းပေးမည်ဖြစ်ကြောင်းလည်း မွန်ဆပ်ဖ်က ဆိုသည်။

**ကိုးကား– အေအက်ဖ်ပီ၊ ဘာသာပြန်–မေလှဲ့သင်း**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ဥပဒေကို ဇန်နဝါရီလအထိ သက်တမ်းတိုး

**ဗန်ကောက် နိုဝင်ဘာ ၂၃**
ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဆက်လက်ထိန်းချုပ်ရန် လိုအပ်သည့်အတွက် ရောဂါကူးစက်မှု ထိန်းချုပ်ရန် ပြဋ္ဌာန်းထားသည့် အရေးပေါ်ဥပဒေကို ယခုနှစ် ဒီဇင်ဘာလဆန်းပိုင်းမှ လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလလယ်အထိ သက်တမ်းထပ်တိုးရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဆက်လက်ထိန်းချုပ်ရန် လိုအပ်နေသည့်အတွက် ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးစီမံခန့်ခွဲမှုဗဟိုဌာနက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်ဥပဒေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ လာမည့်နှစ် ဇန်နဝါရီ ၁၅ ရက်အထိ တစ်လခွဲ သက်တမ်းထပ်တိုးရန် အဆိုပြုခဲ့ပြီး ယင်းအဆိုပြုချက်ကို ထိုင်းအစိုးရအဖွဲ့က ယနေ့အတည်ပြုထောက်ခံခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူများ၏ ပြောဆိုချက်အရ သိရသည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေအပေါ် မူတည်၍ ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာအရေးပေါ်ဥပဒေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် သက်တမ်းထပ်တိုးလျက်ရှိပြီး ယခုအခါ ယင်းဥပဒေကို ရှစ်ကြိမ်သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

ထိုင်းအစိုးရသည် လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် မြို့တော်ဗန်ကောက်၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားသော ကမ္ဘာ့ကြက်တောင်ရိုက်ပြိုင်ပွဲအတောအတွင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် ကျန်းမာရေး ဘေးကင်းလုံခြုံမှုဆိုင်ရာအစီအမံများကို တင်းကျပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# ရွေးကောက်ပွဲ အရှုံးရလဒ်ကို လက်ခံရန် ထရမ့်အား နိုင်ငံရေး မဟာမိတ်ဖြစ်သူ တိုက်တွန်း

**နယူးဂျာစီ နိုဝင်ဘာ ၂၃**

အမေရိကန်သမ္မတ ထရမ့်အနေဖြင့် နိုဝင်ဘာ ၃ရက် ရွေးကောက်ပွဲ၏ အရှုံးရလဒ်ကို လက်ခံရန် ထရမ့်၏ နိုင်ငံရေးမဟာမိတ်ဖြစ်သူ နယူးဂျာစီ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ခရစ္စတီက တိုက်တွန်းလိုက်သည်။

ခရစ္စတီက သမ္မတထရမ့် ဥပဒေအကျိုးဆောင်အဖွဲ့၏ လုပ်ဆောင်ချက်များအား "ရှက်စရာကောင်းသည့် အမျိုးသားရေး ဆောင်ရွက်ချက်" အဖြစ် ဝေဖန်ခဲ့သလို "ပွင့်ပွင့် လင်းလင်းပြောရရင် သမ္မတရဲ့ ဥပဒေ အကျိုးဆောင်အဖွဲ့ ဆောင်ရွက်ချက်တွေက အမျိုးသားရေးကို အရှက်ရအောင် ဆောင်ရွက် နေသလိုပါပဲ။ တရားရုံးအပြင်မှာတော့ ရွေးကောက်ပွဲမှာ မဲလိမ်တယ်ဆိုတာ ပြောနေ ပေမယ့် တရားရုံးအတွင်းရောက်တော့ မဲလိမ် တယ်ဆိုတာ တင်ပြနိုင်တာမရှိပြန်ဘူး" ဟု ပြောကြားခဲ့သည်။

မစ္စတာ ခရစ္စတီမှာ ၂၀၁၆ သမ္မတ ရွေးကောက်ပွဲတွင် ထရမ့်ကို ထောက်ခံသည့် ပထမဆုံး ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်ခဲ့ပြီး ၂၀၁၆ နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှစ်ရပ် စလုံးတွင်လည်း ထရမ့်ကိုသာ မဲပေးခဲ့ကြောင်း ပြောကြားခဲ့သူဖြစ်သည်။

သမ္မတ ထရမ့်က ရွေးကောက်ပွဲတွင် ရှုံးနိမ့်မှုကို ဝန်ခံခြင်းမပြုသေးသလို မဲလိမ်မှုများ ရှိခဲ့ကြောင်းသာ အထပ်ထပ်အခါခါ ပြောဆိုခဲ့ သည်။

ယခင်က ရီပတ်ဘလီကန်ပါတီဝင်အများ အပြားက သမ္မတထရမ့်၏ ရွေးကောက်ပွဲဆိုင်ရာ တရားစွဲချက်များအပေါ် ထောက်ခံခဲ့ကြသော် လည်း ယခုမူ ပါတီဝင်အများစုက သမ္မတထရမ့် အား အရှုံးရလဒ်အတွက် ဝန်ခံရန် တိုက်တွန်း လာပြီဖြစ်သလို မေရီလန်းပြည်နယ်အုပ်ချုပ် ရေးမှူး လယ်ရီဟိုဂန်းကဆိုလျှင် ထရမ့်အနေဖြင့် ရွေးကောက်ပွဲရလဒ်ကို ပြန်လှန်ပစ်ရန် ကြိုးပမ်း နေခြင်းက ရီပတ်ဘလီကန်ပါတီ၏ ပုံရိပ်ကိုသာ ထိခိုက်စေကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။

ထရမ့်၏ ဥပဒေအကျိုးဆောင်အဖွဲ့ဝင် ရှေ့နေအဖြစ် ဆောင်ရွက်နေသူ ပါဝဲလ်ကလည်း သက်သေတစ်စုံတစ်ရာ မပြနိုင်ဘဲ အီလက် ထရွန်နစ် မဲပေးစနစ်တွင် သန်းနှင့်ချီသော မဲများ ဘိုင်ဒင်ထံသို့ ရွှေ့သွားခဲ့သည်ဟု သတင်းစာ ရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့ရာ ယင်းသို့သော သက်သေမဲ့ပြောကြားခြင်းများ အတွက် မိမိအနေဖြင့် များစွာစိတ်ပျက်ရ ကြောင်း ခရစ္စတီက ဝေဖန်ပြောကြားခဲ့သည်။

**ကိုးကား– ဘီဘီစီ၊ ဘာသာပြန်–မေလွဲ့သင်း**



# အိန္ဒိယ၊ ထိုင်းနှင့် စင်ကာပူရေတပ်တို့ ကပ္ပလီပင်လယ်ပြင်၌ စစ်ရေးလေ့ကျင့်

**နယူးဒေလီ နိုဝင်ဘာ ၂၃**

အိန္ဒိယ၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် အတွေ့အကြုံမျှဝေရန် ရည်ရွယ်ကာ ကပ္ပလီပင်လယ်ပြင်၌ နိုဝင်ဘာ ၂၂ ရက် နှင့် ၂၃ ရက်တို့တွင် SITMEX–20 ခေါ် သုံးနိုင်ငံ ရေတပ်လေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။

**စေလွှတ်ခဲ့**

အိန္ဒိယရေတပ်က ဒုတိယအကြိမ် SITMEX–20 ရေတပ်လေ့ကျင့်မှုသို့ ပြည်တွင်းဖြစ် ရေငုပ်သင်္ဘောဖျက် ကော်ဗတ်စစ်ရေယာဉ် INS Kamorta နှင့် ဒုံးကျည်တပ်ကော်ဗတ်စစ်သင်္ဘော INS Karmuk တို့ စေလွှတ်ခဲ့ကြောင်း အိန္ဒိယအကြီးတန်းတာဝန်ရှိသူများကို ကိုးကား၍ ပီတီအိုင်သတင်းဌာနက ဖော်ပြခဲ့သည်။ စင်ကာပူရေတပ်က စစ်ရေးလေ့ကျင့်မှုသို့ ဖရီးဂိတ်စစ် သင်္ဘော Intrepid နှင့် ကမ်းတက် သင်္ဘော Endeavour တို့ စေလွှတ်ခဲ့ပြီး တော်ဝင်ထိုင်းရေတပ်က ချောင်းဖရား အတန်းအစား ဖရီးဂိတ်စစ်သင်္ဘော Kraburi စေလွှတ်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် အဆိုပါရေတပ်လေ့ကျင့်မှုကို အချင်းချင်း ထိတွေ့မှုမရှိသော စစ်ရေးလေ့ကျင့်မှု တစ်ခုကို ပင်လယ်ပြင်၌ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယရေတပ်က လက်ခံ ကျင်းပခဲ့သည့် ပထမအကြိမ် ရေတပ် လေ့ကျင့်မှုကို ၂၀၁၉ ခုနှစ် စက်တင်ဘာ လအတွင်း ပို့ဘလဲယားကမ်းလွန်၌ ပြုလုပ်ခဲ့သည်။

**ကိုးကား–ဗွီအင်န်အေ**
**ဘာသာပြန်–ကျော်ထိုက်စိုး**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကိုးသန်းကျော်အထိ ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ၌ နိုဝင်ဘာ ၂၃ ရက် တစ်ရက်တည်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၄၄၀၅၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်းသည် ၉၁၄၂၉၂၆ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီး ဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် နိုဝင်ဘာ ၂၃ ရက်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၅၁၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူစုစုပေါင်း ၁၃၃၈၂၄ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် ၈၅၆၅၀၆၃ ဦးမှာ ကိုဗစ်–၁၉ ရောဂါကူးစက်မှုမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိခဲ့ပြီဖြစ်သောကြောင့် နိုင်ငံတစ်ဝန်း၌ ၄၄၃၄၈၆ ဦးမှာ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲဖြစ်ကြောင်း ယင်းဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ဇီဝနည်းပညာကုမ္ပဏီ Bharat Biotech ကုမ္ပဏီက ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး Covaxin ကို အောင်မြင်စွာထုတ်လုပ်နိုင်ရေး အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် လက်တွေ့စမ်းသပ်မှု၏ အဆင့်(၃)သို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# အောက်စဖို့ဒ် တက္ကသိုလ်ထုတ် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိရောက်မှုမြင့်မားဟု သုတေသနပညာရှင်များက အတည်ပြု

**အောက်စဖို့ဒ် နိုဝင်ဘာ ၂၃**

အောက်စဖို့ဒ်တက္ကသိုလ်မှ စမ်းသပ်နေသည့် ကိုဗစ်–၁၉ ကာကွယ်ဆေးမှာ ထိရောက်မှုမြင့်မားကြောင်းကို လူဦးရေ ၂၀၀၀၀ ကျော်ကို စမ်းသပ်ပြီးနောက် အတည်ပြုနိုင်ခဲ့ကြောင်း ဘီဘီစီသတင်း တစ်ရပ်တွင် ဖော်ပြသည်။ ဆေးမှာ ယေဘုယျအားဖြင့် ၇၀ ရာခိုင်နှုန်း ရောဂါကူးစက်မှုကို ကာကွယ်နိုင် သည်ဟု ဆိုနိုင်သော်လည်း ဆေးထိုး ပြီးနောက် ၉၀ ရာခိုင်နှုန်းအထိ ကာကွယ် မှုနှုန်းမြင့်မားလာသည်ကို တွေ့ရှိခဲ့ရ ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**သယ်ယူလွယ်ကူ ဈေးနှုန်းချိုသာ**

အဆိုပါ ဆေး၏အားသာချက်မှာ ၉၅ ရာခိုင်နှုန်းအထိ ထိရောက်ကြောင်း ကြေညာခဲ့သည့် ဖိုက်ဇာ(Pfizer )နှင့် မာဒါးနား(Moderna) တို့ထက် သယ်ယူ ရလွယ်ကူပြီး ဈေးနှုန်းသက်သာသည်။ မာဒါးနားဆေးအတွက် ၂၅ ပေါင်နှင့် ဖိုက်ဇာအတွက် ၁၅ ပေါင် အသီးသီး ကုန်ကျမည်ဖြစ်သော်လည်း ယခု အောက်စဖို့ဒ်ဆေးအတွက်မူ သုံးပေါင် သာ သုံးစွဲရမည်ဖြစ်သည်။

ကာကွယ်ဆေးပညာရှင် ပါမောက္ခ ဂီးလ်ဘာ့ဂ်ျက "ဒီနေ့ကြေညာနိုင်တာ ကတော့ ဗိုင်းရပ်စ်ကြောင့် ရပ်တန့်နေတဲ့ ကမ္ဘာကြီးကို ကုစားဖို့ ခြေလှမ်းသစ် တစ်ရပ် ပိုမိုနီးစပ်အောင် လှမ်းနိုင်တယ် ဆိုတာပါပဲ" ဟု ပြောကြားခဲ့သည်။ ဗြိတိန်အစိုးရက အဆိုပါဆေးသန်း ၁၀၀ ကို ကြိုတင်မှာယူထားပြီးဖြစ်ကာ အောက်စဖို့ဒ်တက္ကသိုလ်၏ မိတ်ဖက် အက်စထရာဇန်နီကာမှ တစ်ကမ္ဘာလုံး သို့ ဆေးအလုံးရေ သုံးဘီလီယံအထိ ထုတ်လုပ်ဖြန့်ချီသွားရန် ပြင်ဆင် ထားပြီးဖြစ်သည်။

**ကာကွယ်ဆေးထိုးနှံပေးရန် အတည်ပြု**

ဆေးရလဒ်ကို ကြေညာခဲ့ပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က "ဘေးအန္တရာယ်ကင်းတယ်ဆိုတဲ့ အချက် ကိုပါ ထည့်သွင်းကြေညာနိုင်ခဲ့တာက တကယ့်ကို စိတ်လှုပ်ရှားစရာ သတင်း စကားဖြစ်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ သည်။ ဒီဇင်ဘာလအတွင်း အင်္ဂလန် တစ်နိုင်ငံလုံးရှိ ပြည်သူများကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးရန် ဝန်ကြီးချုပ်ရုံးမှ အတည်ပြုခဲ့ပြီးဖြစ် သလို အင်္ဂလန်တစ်နိုင်ငံလုံး အသွား အလာ လုံးဝကန့်သတ်ထားမှုကိုလည်း ဒီဇင်ဘာ ၂ ရက်တွင် စတင်ရုပ်သိမ်းရန် ပြင်ဆင်ထားကြောင်း သိရသည်။

သာမန်အားဖြင့် ကာကွယ်ဆေးများ ပေါ်ထွန်းလာစေရန် ဆယ်စုနှစ်တစ်ခု ကြာ အချိန်ယူရလေ့ရှိသော်လည်း ကိုဗစ်–၁၉ ကာကွယ်ဆေးမှာမူ ၁၀ လ အတွင်း ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

**ကိုးကား– ဘီဘီစီ**
**ဘာသာပြန်–မေလွဲ့သင်း**



# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု စံချိန်တင်ဖြစ်ပွား

**မော်စကို နိုဝင်ဘာ ၂၃**

ကိုဗစ်–၁၉ ကပ်ရောဂါသည် အေးမြသည့်ရာသီတွင် ပိုမိုဆိုးရွားလာခြင်းကြောင့် ရုရှားနိုင်ငံတွင် လွန်ခဲ့သည့် တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက် ခံရသူ ၂၅၁၇၃ ဦးအထိရှိခဲ့ရာ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှု စံချိန်တင်ဖြစ်ပွားခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါတုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၁၁၄၅၀၂ ဦးရှိပြီး သေဆုံးသူ ၃၆၅၄၀ ဦးရှိကာ ပြန်လည်ကျန်းမာလာသူ ၁၆၁၁၄၄၅ ဦးရှိကြောင်း အဆိုပါ ကိုဗစ်–၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုဒဏ် အဆိုးရွားဆုံးခံနေရပြီး လွန်ခဲ့သည့် တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၆၆ ဦးရှိခဲ့ခြင်းကြောင့် ကူးစက်ခံရသူစုစုပေါင်း ၅၆၀၅၇၉ ဦး အထိရှိလာခဲ့သည်။ လက်ရှိတွင် ရုရှားနိုင်ငံတစ်ဝန်းတွင် လူဦးရေ ၇၂ ဒသမ ၉ သန်းကျော်အား ကိုဗစ်–၁၉ ရောဂါကူးစက်ခံရခြင်း ရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ် ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၉၁၁၂၉၃၄ | ဦး |
| သေဆုံးသူ | ၁၃၉၅၈၇၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၀၈၉၂၄၆၈ | ဦး |

# COVID-19 Fund မှ ချေးငွေလျှောက်ထားသည့် လုပ်ငန်း ၆၉၈ ခုသို့ ခွင့်ပြုငွေကျပ် ၂၂ ဒသမ ၇၆၈၅ ဘီလီယံ ဒုတိယအကြိမ် ချေးငွေထုတ်ယူခွင့်ပြု

**(ယမန်နေ့မှအဆက်)**

## ဒုတိယအကြိမ် Covid-19 Fund မှ တတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း

| စဉ် | ကုမ္ပဏီ/လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၅၆၆ | စိုးပြည့်အောင် ဆန်စက် | အမှတ် (၇) ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆၇ | ဣန္ဒာသယ ဆန်စက် | သာလိကာရွာ၊ သပြေစိန်အုပ်စု၊ ဇီးကုန်းမြို့ |
| ၅၆၈ | ဒေါ်ညွန့်စိန် ဆားကြိမ်းထုတ်လုပ်ငန်း | မဲခရဲကျေးရွာအုပ်စု၊ မဲခရဲကျေးရွာ၊ ငပုတောမြို့နယ် |
| ၅၆၉ | နဂါးနီ ဆန်စက်ခြောက်ခံစက်နှင့် ပွဲရုံလုပ်ငန်း | မြို့မရပ်ကွက်၊ ချောင်းဦးမြို့ |
| ၅၇၀ | ဦးညီညီ နေလှန်းဆားကြိမ်းလုပ်ငန်း | မဲခရဲတိုက်နယ်၊ မရမ်းကွင်းကျေးရွာအုပ်စု၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၁ | ဦးကျော်ကျော်ဦး ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း | ဥသာရုံကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၇၂ | ဦးရဲစိန် (အောင်ဆုမွန် ပဲကြော်လုပ်ငန်း) | ၃၂၁၊ ၁၃ လမ်း၊ အောင်မေတ္တာ (ဃ) ရပ်ကွက်၊ မကွေးမြို့ |
| ၅၇၃ | ရွှေဇီးကွက်-အိုင်အိုဒင်းဆားချော ထုတ်လုပ်ခြင်းလုပ်ငန်း | ရွှေဇီးကွက်ဆားကြိတ်စက်၊ အမှတ်(၃)၊ ဆန်တန်းလမ်း၊ စက်ကွင်းရပ်၊ မော်လမြိုင်မြို့ |
| ၅၇၄ | စိုးမင်းဟိန်း ဆန်စက်လုပ်ငန်း | သဝင်ကိုင်းကျေးရွာ၊ ကျောက်တော်မြို့နယ် |
| ၅၇၅ | ဦးဝင်းငွေ (ကြက်မွေးမြူရေး) | ကန်တစ်ရာ၊ နေဝန်းနီ၊ ကလိကျေးရွာ |
| ၅၇၆ | ဒေါ်မြင့်မြင့်ရီ ငါးမွေးမြူရေးလုပ်ငန်း | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ် |
| ၅၇၇ | ဦးစံရွှေမြ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်း | အလယ်ကျွန်းကျေးရွာ၊ ပေါက်တောမြို့နယ် |
| ၅၇၈ | ဒေါ်မော်မော်လီ ကင်းမွန်ငါးဖမ်းလုပ်ငန်း | အမှတ်(၁၃၉)၊ ဓမ္မာရုံလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့ |
| ၅၇၉ | ဦးသိန်းလှ ကမ်းနီးငါးဖမ်းလုပ်ငန်း | ပန်းတင်အင်းကျေးရွာအုပ်စု၊ လောင်းလုံမြို့နယ် |
| ၅၈၀ | ဦးဝေဖြိုးလှိုင် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေး | ဒေါ်ငြိမ်းကျေးရွာ၊ အမာမြို့နယ် |
| ၅၈၁ | ဦးညွန့်တင် ငါးမွေးမြူရေး | ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး |
| ၅၈၂ | ဒေါ်ဇာဇာဇေယျ ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ချောင်းသာ |
| ၅၈၃ | ဦးစန်းဝင်း ငါးမွေးမြူရေးလုပ်ငန်း | လှိုင်းတာကျေးရွာအုပ်စု၊ ကျိုက်လတ်မြို့နယ် |
| ၅၈၄ | ဦးလှဝင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | ထီးဖြူသောင်ကျေးရွာ၊ ရေးမြို့နယ် |
| ၅၈၅ | ဦးဆန်းဦး (ကောင်းထက်သူ-၁) ကမ်းဝေးငါးဖမ်းလုပ်ငန်း | တက္ကသိုလ်ရိပ်သာ (၉) လမ်း၊ ကလွင်ရပ်၊ မြိတ်မြို့ |
| ၅၈၆ | ဦးအောင်ကျော်မင်း ငါးမွေးမြူရေးလုပ်ငန်း | သင်္ဂတုံကျေးရွာ၊ စဉ့်ကိုင်မြို့နယ် |
| ၅၈၇ | ဦးထွန်းထွန်း (ငွေဝင်စိုး) ကမ်းဝေးငါးဖမ်းလုပ်ငန်း | သဖြူချိုင်ကျေးရွာ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ် |
| ၅၈၈ | ဦးအုန်းငွေ ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ်(၂) ရပ်ကွက်၊ ချောင်းသာ |
| ၅၈၉ | ဦးသောင်းဟိန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၂၄)၊ အောင်ဆေဒဂုံလမ်း၊ ကြက်စားပြင်၊ ထားဝယ်မြို့ |
| ၅၉၀ | ဦးနေလင်းအောင် (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ချောင်းဝကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၁ | ဦးလှမြင့် ငါးမွေးမြူရေးလုပ်ငန်း | ကျုံတနော်အရှေ့ကျေးရွာ၊ ဓနုဖြူမြို့နယ် |
| ၅၉၂ | ဦးဟန်စိုး ရေငန်ငါး၊ ပုစွန်၊ ဂဏန်းမွေးမြူရေး လုပ်ငန်း | အုတ်တွင်းကျေးရွာ၊ အုတ်တွင်းအုပ်စု၊ ဟိုင်ကြီးကျွန်းမြို့နယ်၊ ငပုတောမြို့ |
| ၅၉၃ | ဦးလှိုင်သူရ (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | B-လမ်း၊ ကန်ကြီးရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၉၄ | ဦးစံမင်း ငါးမွေးမြူရေး လုပ်ငန်း | အမှတ်(၂)၊ အထကကျောင်းလမ်း၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့ |
| ၅၉၅ | ဦးမျိုးရွှေ ကမ်းနီးငါးဖမ်း လုပ်ငန်း | အမှတ် (၄)၊ ဂျိတ္တောရပ်ကွက်၊ ငပလီမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၅၉၆ | ပြည့်ဖြိုး ငါးမွေးမြူရေးလုပ်ငန်း | တာပတ်ကျေးရွာ၊ ကျိုက်လတ်မြို့ |
| ၅၉၇ | ဦးညွန့်မင်း မျှောပိုက်လုပ်ငန်း | ခါးပြတ်ကျေးရွာ၊ အမာမြို့ |
| ၅၉၈ | ဦးအောင်ကိုမြတ် (ငွေတိုးရ ကမ်းဝေးငါးဖမ်းလုပ်ငန်း) | အမှတ်-၂၉၊ ငြိမ်းချမ်းရေးရေပုန်းရပ်၊ မြိတ်မြို့ |
| ၅၉၉ | ဦးညီညီထွန်း-ငါး၊ ပုစွန် မွေးမြူရောင်းဝယ်ရေး လုပ်ငန်း | အုတ်တွင်းရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၀ | ဒေါ်ကြည်ကြည်သင်း (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ချောင်းဝရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၁ | ကိုဇော်မျိုးမြတ် ရေထွက်ထုတ် လုပ်ငန်းနှင့် ကမ်းနီးငါးဖမ်းလုပ်ငန်း | ဗန်ဒါပင်ကျေးရွာ၊ ဒေါ်ညိမ်းအုပ်စု၊ အမာမြို့နယ် |
| ၆၀၂ | ရတနာမျိုး ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၆)၊ ရေခဲဒိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ဖျာပုံမြို့နယ် |
| ၆၀၃ | ဦးရန်လင်းဘို ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေးနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း | ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၄ | ဦးကျော်မျိုးဦး ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းနှင့် မျှင်ငပိလုပ်ငန်း | နောက်မီးကျေးရွာအုပ်စု၊ အမာမြို့နယ်။ ဖျာပုံမြို့ |
| ၆၀၅ | ဦးအောင်ကျော်ဆန်း (ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း) | ချောင်းဝကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၆ | ဦးလှမြအောင် ကမ်းဝေးငါးဖမ်း လုပ်ငန်း | အမှတ်(၁) ဂျိတ္တောရပ်ကွက်၊ ငပလီမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၆၀၇ | ဦးရန်နိုင် ငါးဖမ်းလုပ်ငန်း | လောင်းလုံးမြို့နယ်၊ သဘောဆိပ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၀၈ | ဦးသိန်းတန် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေး လုပ်ငန်း | ဗန်ဒါပင်ကျေးရွာ၊ ဒေါ်ငြိမ်းအုပ်စု၊ အမာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၉ | ဦးငွေဝင်း (ရေငန်ငါး၊ ပုစွန်၊ ဂဏန်း) မွေးမြူထုတ်လုပ်ရေး လုပ်ငန်း | ကျောက်ကလပ်ကျေးရွာ၊ ဒီဒူးကုန်းအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း |
| ၆၁၀ | ဦးမြင့်ကြည် (ပြည့်သာဖြိုး ကုမ္ပဏီလီမိတက်) | အခန်း-၁၀၊ ကမ်းနီးဖုံ၊ ရွှေဟင်္သာရပ်၊ ကော့သောင်းမြို့ |
| ၆၁၁ | Royal -21 Co., Ltd. | အမှတ်(၁၉၄)၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်၊ မြိတ်မြို့ |
| ၆၁၂ | ဦးမျိုးကိုကို (ရေထွက်ပစ္စည်းပြုပြင် ထုတ်လုပ်ရေးလုပ်ငန်း) | ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် |
| ၆၁၃ | ဦးသံချောင်း ဗိုလ်ရန်နိုင် ပင်လယ်ငါးဖမ်းလုပ်ငန်း | အဘော်ရွာ၊ ရေးမြို့နယ် |
| ၆၁၄ | ဦးစီအေး (ပြည့်ပြည့်အောင် ၁၊ တိုးတက်အောင် ၁ ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း | ညောပြင်ရွာ၊ လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၁၅ | ဦးကျော်နိုင်ထွန်း-ဂျင်း၊ ခရု မွေးမြူရေးလုပ်ငန်း | ငမန်းချောင်းတောင်ကျေးရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၁၆ | ဦးကျော်ကျော်သက် (အောင်သူဇော်) ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၄၈၆)၊ ဆိပ်ကမ်းသာလမ်း၊ တလိုင်းထန်ရပ်၊ ထားဝယ်မြို့ |
| ၆၁၇ | ဦးစန်းတင် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အမှတ် (၄)၊ ဈေးလမ်း၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၁၈ | ရွှေအောင်သီရိ ကမ်းဝေးငါးဖမ်းလုပ်ငန်း | ရေခဲနိုင်လမ်း၊ (၁၂) ရပ်ကွက်၊ ဖျာပုံမြို့ |
| ၆၁၉ | ဦးတိုးဝင်း ရေငန် (ငါး၊ ပုစွန်၊ ဂဏန်း) မွေးမြူထုတ်လုပ်ရေး လုပ်ငန်း | ငွေးတောက်ကြီးကျေးရွာ၊ ချောင်းဝအုပ်စု၊ ငပုတောမြို့နယ် |
| ၆၂၀ | ဦးအေးမင်းမောင် (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ကျောက်ဆင်ကျေးရွာ၊ လောင်းလုံမြို့နယ် |
| ၆၂၁ | ဦးအောင်ကျော်မြ ကမ်းနီးငါးဖမ်းလုပ်ငန်း | ငပလီမြို့၊ ဂျိတ္တောရပ်ကွက်၊ အကွက်အမှတ် (၉) |
| ၆၂၂ | ဒေါ်တင်တင်ဝင်း ကမ်းနီးငါးဖမ်းလုပ်ငန်း | မောင်းမကန်ရွာ၊ လောင်းလုံးမြို့နယ် |
| ၆၂၃ | ဦးဝင်းထိုက် (ဝမ်းတူး) ကမ်းနီးငါးဖမ်းလုပ်ငန်း | မောင်းမကန်ကျေးရွာ၊ လောင်းလုံးမြို့နယ် |
| ၆၂၄ | ဦးမင်းအောင် (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ပြင်ကြီးကျေးရွာ၊ လောင်းလုံမြို့နယ် |
| ၆၂၅ | ဒေါ်မြင့်မြင့်ကြူ ငါးဖမ်းလုပ်ငန်း | အမှတ်-၁၄၁၊ ဗိုလ်ဗထူးလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၆၂၆ | ဦးဟန်သိန်း ကမ်းနီးငါးဖမ်းလုပ်ငန်း | တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ သဘော်ဆိပ်ရွာ |
| ၆၂၇ | ကိုသန့်ဇော် (ခ) ကိုသန်းဇော် ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ကမ်းနီးငါးဖမ်းလုပ်ငန်း | ခါးပြတ်ကျေးရွာ၊ ဒေါ်ညိမ်းကျေးရွာအုပ်စု၊ အမာမြို့နယ်၊ ဖျာပုံမြို့ |
| ၆၂၈ | ဦးစန်းအောင် ကမ်းနီးငါးဖမ်းလုပ်ငန်း | လောင်းလုံမြို့နယ်၊ မောင်းမကန်ကျေးရွာ |
| ၆၂၉ | ဦးတင်စိုးလွင် ငါးမွေးမြူရေးလုပ်ငန်း | မိုးကုတ်ကျေးရွာ၊ ပန်းတနော်မြို့ |
| ၆၃၀ | ဦးတင်မြင့် ငါးမွေးမြူရေးလုပ်ငန်း | လှည်းဆိပ်အုပ်စု၊ ကျောင်းကုန်းမြို့နယ် |
| ၆၃၁ | အောင်သီရိ (၁) ကမ်းဝေးငါးဖမ်းလှေ ငါးဖမ်းလုပ်ငန်း | ဒိုင်အမှတ် (၆)၊ ရေခဲဒိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ဖျာပုံမြို့နယ် |
| ၆၃၂ | ဦးမြင့်စိုး (ငါးမွေးမြူရေးလုပ်ငန်း) | မိုးကုတ်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၃ | ဦးဖြိုးထက်အောင် ရေငန်ပုစွန် မွေးမြူရေး | ငပုတောမြို့နယ်၊ ဝါးကုန်းကျေးရွာအုပ်စု၊ ချောင်းဖျားကျေးရွာ |
| ၆၃၄ | ဦးဘသိန်း (ကမ်းနီးငါးဖမ်းလုပ်ငန်း) | ကျောက်ဆင်ကျေးရွာအုပ်စု၊ ပြင်ကြီးရွာ၊ လောင်းလုံမြို့နယ် |
| ၆၃၅ | ဦးချိန်ခွမ် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ချောင်းတောင်ကျေးရွာ၊ ရေးမြို့နယ် |
| ၆၃၆ | ဦးကျော်စိုး ပဲ၊ ပြောင်း စိုက်ပျိုးရေးလုပ်ငန်း | ဘုရင့်နောင်မြို့ကွက်သစ်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၇ | Dawei Holding Company | မောင်မယ်ရှောင်ကျေးရွာအုပ်စု၊ ရေဝိုင်းရွာ၊ ထားဝယ်မြို့ |
| ၆၃၈ | ရွှေပလောင် ဆန်စက် | ဆိပ်ကြီးကျေးရွာ၊ ကျောက်ကြီးမြို့၊ ပဲခူးတိုင်း |
| ၆၃၉ | ကောင်းစံဝင်း ကုမ္ပဏီလီမိတက် | အမှတ်-၃၀၇(ဘီ)၊ မကွေးလမ်း၊ ၂၃ ရပ်ကွက်၊ စက်မှုဇုန်-၁၊ ဒဂုံမြို့သစ်တောင်ပိုင်း |
| ၆၄၀ | Triple Circle Industry Co., Ltd. | (င-၉) (င-၁၀)၊ အကွက် အမှတ် (၇၈၄)၊ ပတ္တမြားစက်မှုဇုန်၊ စစ်ကိုင်းမြို့ |
| ၆၄၁ | Special Manufacturing Company Limited | အမှတ် (၃၉၉)၊ မြတောင်ဝန်ကြီး ဦးမိုလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ် |
| ၆၄၂ | ဘဝချိန်ခွင် ကုမ္ပဏီလီမိတက် | အမှတ် (၁၁၅)၊ မြေညီထပ်၊ (၁၅၇) လမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၄၃ | ပါရမီ အချိုခြောက်လုပ်ငန်း | ကွမ်ဟယ်ရွာ၊ မင်းကုန်းရွာ၊ မန်ကောင်ရပ်ကွက်၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ် |
| ၆၄၄ | ရွှေဖြူမိုး ရော်ဘာစိုက်ပျိုး ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် | အမှတ် (၄၇)၊ အင်ကြင်းမြိုင်လမ်းသွယ်-၅၊ သုဝဏ္ဏ၊ ရန်ကုန်မြို့ |
| ၆၄၅ | ဒေါ်ရှောက်ဖုာဆိုက် ကြက်မွေးမြူရေး လုပ်ငန်း | ပတ်တန်းအုပ်စု၊ အရှေ့ပတ်တန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၄၆ | ရွှေနဂါး ဆန်စက် | ပါဒကြီးရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၄၇ | T & K ပုံနှိပ်နှင့် စာအုပ်ချုပ်လုပ်ငန်း | အမှတ် (၁၈/၇၆)၊ အင်းဝလမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ် |
| ၆၄၈ | United Shwe Naing Ngan Print Group Co., Ltd. | No.88/B, Kabaaye Pagoda Road, Sayarsan Quarter, Bahan Tsp, Yangon |
| ၆၄၉ | APEX EMPIRE Co., Ltd. (လက်ဖက်ခြောက် ထုတ်လုပ်ရေး လုပ်ငန်း) | အမှတ်-၂ G၊ မိုးကောင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ် |
| ၆၅၀ | DaNaWaDi Rice Machine | Chaung Twin Village, Own Pin Da Ni Kyun, Phar Pone Township, AyeYarWaDy Division |
| ၆၅၁ | The Baking Factory | ၅၉ လမ်း၊ ကနောင်မင်းသားကြီး၊ စက်မှုဇုန် (၂) |
| ၆၅၂ | မြသီတာ ဆန်စက်(၂) | အမှတ်(၁)၊ မြဟေမာစက်မှုဇုန်၊ ကွယ်လွယ်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၅၃ | Khaing Myanmar Honest Group Co., Ltd. | Block-29, No.9/10, Nawaday Garden Housing, Hlaing Tharyar Tsp, Yangon |

ဆက်လက်ဖော်ပြပါမည်

# “အထူးဝမ်းမြောက်ဂုဏ်ယူခြင်း”

ဦးဇော်မိုးခိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း)
+ ဒေါက်တာစောနေနွယ်(တွဲဖက်အထွေထွေအတွင်းရေးမှူး-၂၊
မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း)
တို့၏

**အနောက်တိုင်းဆေးဝါးစက်ရုံ**

**Pacific Medical Industries Ltd**

**မှ**

**ISO 17025:2017 နှင့် ISO 9001:2015 ရရှိခဲ့ခြင်းအပေါ်**

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
နိုင်ငံတကာအဆင့်မီ Quality ပြည့်ဝသောဆေးဝါးများ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူး၍
မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

International Business Promotion Centre မှ အဖွဲ့ဝင် ဦးမောင်စိန်၏မိခင် ဖြစ်သူ ဒေါ်ကူးပါမာ် (ခ)ဒေါ်ချစ် အသက် (၉၃)နှစ် သည် ၂၁-၁၁-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန် ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့**
**International Business Promotion Centre**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်အေး(အသုတ်)**
**အသက်(၉၂)နှစ်**

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးဝါးဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူး၊ ပါမောက္ခဒေါက်တာနုနုအေး ၏ဖခင်ဖြစ်သူ ဦးတင်အေး အသက်(၉၂)နှစ်သည် ၂၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ**
**ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်အေး(အသုတ်)**
**အသက်(၉၂)နှစ်**

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးဝါးဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူး၊ ပါမောက္ခဒေါက်တာနုနုအေး ၏ဖခင်ဖြစ်သူ ဦးတင်အေး အသက်(၉၂)နှစ်သည် ၂၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးနှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်အေး(အသုတ်)**
**အသက်(၉၂)နှစ်**

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးဝါးဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူး၊ ပါမောက္ခဒေါက်တာနုနုအေး ၏ဖခင်ဖြစ်သူ ဦးတင်အေး အသက်(၉၂)နှစ်သည် ၂၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွား ပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးနှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မကွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်အေး(အသုတ်)**
**အသက်(၉၂)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဆေးဝါးဗေဒအဖွဲ့)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနုနုအေး[ပါမောက္ခ/ ဌာနမှူး၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ် (၁)ရန်ကုန်]၏ဖခင်ဖြစ်သူ ဦးတင်အေး အသက်(၉၂)နှစ်သည် ၂၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**ဆေးဝါးဗေဒအဖွဲ့**

## " ဝမ်းနည်းကြေကွဲခြင်း "

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နာယကကြီး အကဲဖြတ် ဓာတ်ပုံပညာရှင် ဦးမောင်မောင်သောင်း Hon;MPS, Hon;FMPS, AMPSအသင်းဝင်အမှတ်(၂၉၇)၊ အသက်(ဂ၆)နှစ်သည် (၂၃-၁၁-၂၀၂၀) တနင်္လာနေ့ (၁၂:၃၀)အချိန်တွင် ကွယ်လွန် သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ/ အသင်းသားများမှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများ**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်အေး(အသုတ်)**
**အသက်(၉၂)နှစ်**

ဆေးတက္ကသိုလ် (၁)ရန်ကုန်၊ ဆေးဝါးဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာနုနုအေး၏ ဖခင်ဖြစ်သူ ဦးတင်အေး အသက်(၉၂)နှစ်သည် ၂၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွား ပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးနှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး**

## မန္တလေးအသင်း(ရန်ကုန်)
## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး**
**ဦးဆယ်မောင်(ကျောက်ပန်းတောင်း)**
**အသက်(၈၇)နှစ်**

မန္တလေးအသင်း၊ ဒု-ဥက္ကဋ္ဌ(၂) ဦးအေးလွင်-ဒေါ်ခင်လေးတို့၏ ဖခင်ကြီး ဦးဆယ်မောင်သည် ၉-၁၁-၂၀၂၀ ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမင်းအောင်(ခ)ဦးမြင့်လွင်**
**(DIRECTOR) (BRIGHT TIME TRADING CO.,LTD)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်A-1၊ အခန်း(၃)နေ ဒေါ်ဝေဝေတင်၏ ခင်ပွန်း၊ မဝေရှည်မင်းအောင်၊ ကိုအာကာ-မရှည်မွန်မင်းအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးမင်းအောင်(ခ)ဦးမြင့်လွင်သည် ၂၁-၁၁-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေ**
**BRIGHT TIME TRADING CO.,LTD**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမင်းအောင်(ခ)ဦးမြင့်လွင်**
**(DIRECTOR) (BRIGHT TIME TRADING CO.,LTD)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက် A-1၊ အခန်း(၃)နေ ဒေါ်ဝေဝေတင်၏ ခင်ပွန်း၊ မဝေရှည်မင်းအောင်၊ ကိုအာကာ-မရှည်မွန်မင်းအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးမင်းအောင်(ခ)ဦးမြင့်လွင်သည် ၂၁-၁၁-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆွန်လိုက်-ဒေါ်ရင်ရင်မြ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမင်းအောင်(ခ)ဦးမြင့်လွင်**
**(DIRECTOR) (BRIGHT TIME TRADING CO.,LTD)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက် A-1, အခန်း(၃)နေ ဒေါ်ဝေဝေတင်၏ခင်ပွန်း၊ မဝေရှည်မင်းအောင်၊ ကိုအာကာ-မရှည်မွန်မင်းအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးမင်းအောင်(ခ) ဦးမြင့်လွင်သည် ၂၁-၁၁-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**U Sar Lay**
**နှင့်**
**BAWA TRADING Pte Ltd(Singapore) &**
**Business Promotion Int'l Trading Co.,Ltd**
**Director နှင့်အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးထွန်းအေး(ငြိမ်း) DSA(25)**
**ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့နေ ဒေါ်သိင်္ဂီဦး၏ ခင်ပွန်း၊ မောင်သက်မြတ်ထွန်း၏ ဖခင်ဖြစ်သူ သူငယ်ချင်းဗိုလ်မှူးထွန်းအေး(ငြိမ်း)သည် ၂၁-၁၁-၂၀၂၀ (စနေနေ့) ည(၁၀:၃၀)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)မှ**
**ကျောင်းဆင်းအရာရှိများနှင့်မိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## မြစ်ကြီးနားအသင်း(ရန်ကုန်)ကန်တော့ခံ
## သီပေါအသင်း(ရန်ကုန်)ကန်တော့ခံ
## ဒေါ်သန်းရင်(သီပေါ၊ နန်းမား)
## အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၉၇၄)နေ ဦးအောင်ငွေး-ဒေါ်သန်းသန်းနွဲ့တို့၏ ကြီးကြီး၊ (ဦးစိန်-ဒေါ်လှ)တို့၏သမီး၊ (ဦးခမ်းလိုင်-ဒေါ်နန်းစု)တို့၏ သမီးချွေးမ၊ (ဒေါ်ညွှန့်)၏ ညီမ၊ (ဒေါ်ငွေခင်)၊ (ဒေါ်အေးပွင့်)၊ (ဒေါ်အေးနု)၊ (ဦးလှမောင်)၊ ဒေါ်ခင်လေးငယ် တို့၏အစ်မကြီး ဒေါ်သန်းရင်သည် ၂၂-၁၁-၂၀၂၀ (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၁၃:၀၀နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်အေး(အသုတ်)
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အခန်း(၅၀၁)၊ မဟာဗန္ဓုလ(TOWER-D)နေ၊ (ဒေါ်ရင်စိန်)၏ခင်ပွန်း၊ (ဦးငြိမ်းချမ်း)-ဒေါ်ခင်မေအေး[ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ မြို့ပြနှင့်အိမ်ယာ ဖွံ့ဖြိုးရေး ဦးစီးဌာန]၊ ဦးစန်းဝေ[ညွှန်ကြားရေးမှူး(ငြိမ်း)နတလ]-ဒေါ်ခင်ဆွေအေး [ဌာနမှူး၊ စီမံဘဏ္ဍာ (ငြိမ်း)ဆေးတက္ကသိုလ်(၁)]၊ ဒေါက်တာခင်စောအေး [ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဆေးသုတေသန ဦးစီးဌာန]၊ ပါမောက္ခ ဒေါက်တာ နုနုအေး(ပါမောက္ခ၊ ဌာနမှူး၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ် (၁)တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာသက်ထူးဝေ၊ ဒေါက်တာသက်ဦးခင်၊ ကိုဇော်ထက်လင်း၊ ကိုကောင်းမြတ်သူ၊ မစိုးစိုးစံတို့၏ချစ်လှစွာသော အဘိုးသည် ၂၁-၁၁-၂၀၂၀(စနေနေ့) ညနေ ၄:၃၆နာရီတွင် ကွယ်လွန် သွားပြီး မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများနှင့် အသိမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မြင်ကွန်းဒေါက်တာထိပ်တင်လှ
## (ခ)Kathaleen Gywe
## သက်တော်(၈၅)နှစ်

မန္တလေးရတနာပုံမြို့တည်နန်းတည်မင်း ပဉ္စမသင်္ဂါယနာတင်ဘဝရှင်မင်းတုန်းမင်းတရားကြီးနှင့် တောင်ရွှေရေးမိဖုရားတို့၏မြစ်တော်၊ မြင်ကွန်းမြို့စား မြင်ကွန်းမင်းသားနှင့် ခင်လေးဖုရားတို့၏မြေးတော်၊ ဦးစိုးကြွယ်-မြင်ကွန်းထိပ်ခေါင်တင်မလေး(ခ)Renee Myngoon တို့၏သမီးတော်၊ ဒေါ်ကြူကြူလှ-Mr.Barry Fyfe၊ ဦးအောင်မင်းနိုင်-နိုင်ငံကျော်တေးသံရှင် ဒေါ်နီနီဝင်းရွှေ၊ ဒေါ်ခင်ခင်လှတို့၏မိခင်၊ မ Zoe Rose Fyfe, မValerie Naing, မောင် JR Slone တို့၏ဖွားဖုရားသည် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့) ည ၁၁:၀၀ နာရီတွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ဆေးရုံတွင် လူကြီးရောဂါဖြင့် ကံကုန်တော်မူသွားပါကြောင်း ဆွေမျိုးအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဇော်ဝင်း(ညောင်ကျိုး)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၂၃)နေ ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ညောင်ကျိုးဒေသအသင်း အသင်းဝင်အမှတ်(၂၁၇) ဒေါ်ခင်မြင့်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ညောင်ကျိုးဒေသအသင်းပြန်ကြားရေးမှူး၊ အသင်းဝင်အမှတ်(၀၂၇) ဦးဇော်ဝင်းသည် ၂၂-၁၁-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ညောင်ကျိုးဒေသအသင်းသူ/ သားများအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်ကျိုးဒေသအသင်း**

တော
တောင်
ပျက်
ပြုန်း
မြေဆီ
သုဉ်း၏

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

